စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကော်ဖီ

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၆)

**(HS–Code  090111)**

**Dried, shelled Coffee**









DECEMBER  2022

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

PRODUCT : 090111 Dries, shelled Coffee (excluding roasted and decaffeinated)

(HS–Code 090111)

Dries, shelled beans of species Coffee

ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နိုင်းယှဉ် လေ့လာချက်

၂၀၂၁ ခုနှစ်၌ ကမ္ဘာ့အများဆုံးကော်ဖီတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2021

| No | Importers | Value Imported in 2021 (US$,000) | Quantity Imported in 2021 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | United States of America | 4946324 | 1377322 | 3591 | 22.7 |
| 2 | Germany | 3238322 | 1109980 | 2917 | 14.8 |
| 3 | Italy | 1448974 | 617212 | 2348 | 6.6 |
| 4 | Japan | 1183121 | 399271 | 2963 | 5.4 |
| 5 | Belgium | 1007478 | 341366 | 2951 | 4.6 |
| 6 | Switzerland | 778335 | 192713 | 4039 | 3.6 |
| 7 | Canada | 766377 | 198715 | 3857 | 3.5 |
| 8 | France | 666122 | 224195 | 2971 | 3.1 |
| 9 | Spain | 589664 | 276369 | 2134 | 2.7 |
| 10 | Korea, Republic of | 543051 | 161414 | 3364 | 2.5 |
| | other | 6657094 | 2689481 | -31135 | 30.5 |
| | World Total | 21824862 | 7588038 | | 100 |

Source : ITC Trade Map


Top 10 World Importers In 2021
7000000
6000000
5000000
4000000
3000000
2000000
1000000
0
United States of America
Germany
Italy
Japan
Belgium
Switzerland
Canada
France
Spain
Korea, Republic of
other
Value imported in 2021 (USD thousand)
Quantity imported in 2021


List of importing countries for the selected product in 2021
Product : 090111 Coffee (excluding roasted and decaffeinated)
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Chile
Norway
Ukraine
Spain
Italy
Türkiye
Algeria
Egypt
Iraq
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Russian Federation
Kazakhstan
Mongolia
China
Pakistan
India
Australia
Imported value, USD thousand
N.A.
0 - 49,463 USD thousand
49,463 - 247,316 USD thousand
247,316 - 494,632 USD thousand
494,632 - 989,265 USD thousand
989,265 - 2,473,162 USD thousand
> 2,473,162 USD thousand

၁။ ၂၀၂၁ ခုနှစ်တွင် (HS.Code–090111) ကော်ဖီအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အမေရိကန်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ပြင်သစ်၊ စပိန်၊ ကိုရီးယားတို့ဖြစ်ကြသည်ကို ITC Trade Map အရ သိရှိရသည်။ အမေရိကန်သည် ၂၀၂၁ ခုနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၄၉၄၆ ဒသမ ၃၂၄ သန်းရှိပြီး ကမ္ဘာ့ကော်ဖီဈေးကွက်၏ ဈေးကွက်ဝေစု ၂၂ ဒသမ ၇ ရာခိုင်နှုန်း အများဆုံးရရှိထားသည်။ ထို့နောက် ဂျာမနီက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၃၂၃၈ ဒသမ ၃၂၂ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၁၄ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ အီတလီက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၄၄၈ ဒသမ ၉၇၄ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ အီတလီ၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ပြင်သစ်၊ စပိန်၊ ကိုရီးယားတို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ကော်ဖီတင်သွင်းသည့် နိုင်ငံပေါင်း (၂၀၃) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း (၁၀) နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် ဆွတ်ဇာလန်က ဝယ်ယူသည့်ဈေးမှာ ၁ တန်ကို ကန်ဒေါ်လာ ၄၀၃၉ ဖြင့် အမြင့်ဆုံးဖြစ်ပြီး ကနေဒါက ၁ တန်ကို ကန်ဒေါ်လာ ၃၈၅၇ ဖြင့်ဒုတိယ၊ အမေရိကန်က ၁ တန်ကို ကန်ဒေါ်လာ ၃၅၉၁ ဖြင့်တတိယ၊ ကိုရီးယားက ၁ တန်ကို ကန်ဒေါ်လာ ၃၃၆၄ ဖြင့်စတုတ္ထနှင့် ပြင်သစ်က ၁ တန်ကို ကန်ဒေါ်လာ ၂၉၇၁ ဖြင့် ပဥ္စမတို့ဖြစ်ကြသည်။

**မြန်မာ့ကော်ဖီတင်ပို့သည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)**

**Fig 2: Top 10 Importers of Myanmar in 2021**

| No | Importer Countries | Value Imported in 2021(US$,000) | Market Share % | Quantity Imported in 2021 (Tons) | Unit Value $ /Ton |
|---|---|---|---|---|---|
| 1 | Belgium | 848 | 40.7 | 112 | 7571 |
| 2 | Japan | 491 | 23.6 | 90 | 5456 |
| 3 | China | 157 | 7.5 | 185 | 849 |
| 4 | Saudi Arabia | 95 | 4.6 | 11 | 8636 |
| 5 | United Kingdom | 88 | 4.2 | 14 | 6286 |
| 6 | Taipei, Chinese | 86 | 4.1 | 33 | 2606 |
| 7 | Australia | 84 | 4 | 11 | 7636 |
| 8 | United States of America | 80 | 3.8 | 10 | 8000 |
| 9 | France | 44 | 2.1 | 8 | 5500 |
| 10 | United Arab Emirates | 38 | 1.8 | 44 | 864 |

Source : ITC Trade Map

၂။ ၂၀၂၁ ခုနှစ်တွင် မြန်မာ့ကော်ဖီအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများ မှာ ITC Trade Map အရ ဘယ်လ်ဂျီယံ၊ ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ အင်္ဂလန်၊ တိုင်ပေ(တရုတ်) ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ယူအေအီးတို့ဖြစ်ကြသည်။

## ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ကော်ဖီတင်ပို့မှု

၃။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကော်ဖီတင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကော်ဖီတင်ပို့မှုတန်ဖိုးနှင့် အဆင့်နေရာပြဇယား

**Fig 3: List of exporters for the selected product**

Product: **090111 Dried, shelled Coffee (excluding roasted and decaffeinated)**

Unit : US Dollar thousand

| NO | Exporters | Exported value in 2017 | Exported value in 2018 | Exported value in 2019 | Exported value in 2020 | Exported value in 2021 |
|---|---|---|---|---|---|---|
| 1 | Brazil | 4600238 | 4359508 | 4543771 | 4973689 | 5804673 |
| 2 | Colombia | 2513780 | 2267511 | 2272874 | 2446598 | 3091838 |
| 3 | Viet Nam | 3007675 | 2811711 | 2135113 | 1886972 | 2260617 |
| 4 | Honduras | 1290077 | 1111140 | 954728 | 868635 | 1287766 |
| 5 | Ethiopia | 936893 | 793384 | 793627 | 793548 | 1185526 |
| 6 | Guatemala | 747968 | 679971 | 662546 | 650458 | 926103 |
| 7 | Indonesia | 1175547 | 808735 | 872355 | 809164 | 842521 |
| 8 | Belgium | 658304 | 575514 | 558692 | 621246 | 784580 |
| 9 | Peru | 708822 | 667336 | 619656 | 639890 | 756687 |
| 10 | Germany | 583783 | 552646 | 495388 | 546918 | 651527 |
| 69 | Myanmar | 1039 | 2314 | 1754 | 1231 | 2084 |
|  | other | 4155348 | 3892974 | 3636801 | 3678761 | 4102670 |
|  | World Total | 20379474 | 18522744 | 17547305 | 17917110 | 21696592 |

Source: ITC Trade Map

**မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၆၉) တွင်ရှိပါသည်။**

## ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကော်ဖီ တင်ပို့မှု ပမာဏနှင့်အဆင့်နေရာပြဇယား

**Fig 4: List of exporters for the selected product**

Product: **090111** Dried, shelled **Coffee (excluding roasted and decaffeinated)**

| No | Exporters | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons | 2020 Exported quantity, Tons | 2021 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Brazil | 1647811 | 1826997 | 2214595 | 2372599 | 2282771 |
| 2 | Viet Nam | 1434453 | 856761 | 1388466 | 1208071 | 1222665 |
| 3 | Colombia | 710440 | 710836 | 750843 | 693071 | 685073 |
| 4 | Honduras | 435337 | 429741 | 411802 | 320566 | 387661 |
| 5 | Indonesia | 464161 | 277607 | 355766 | 375556 | 380175 |
| 6 | Ethiopia | 247082 | 235254 | 259638 | 231340 | 303551 |
| 7 | Uganda | 286998 | 252166 | 276836 | 329372 | 295949 |
| 8 | India | 262612 | 229839 | 232565 | 205694 | 263046 |
| 9 | Belgium | 210503 | 212455 | 216800 | 242588 | 261589 |
| 10 | Guatemala | 203435 | 205925 | 216168 | 188217 | 225500 |
| 70 | Myanmar | 588 | 605 | 812 | 301 | 537 |
| | other | 1292691 | 1394064 | 1399991 | 1351705 | 1410039 |
| | World Total | 7196111 | 6632250 | 7724282 | 7519080 | 7718556 |

Source: ITC Trade Map

**မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၇၀) တွင်ရှိပါသည်။**

၄။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီတင်ပို့သော နိုင်ငံ (၁၈၄) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့် (၇၀) နှင့်တန်ဖိုးအားဖြင့် တင်ပို့မှုတွင်အဆင့် (၆၉) နေရာတွင် ရှိနေပါသည်။

## အာရှတွင် ကော်ဖီတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 5: Top 11 Asia Importers in 2021**

| No | Importer Countrys | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|---|
| 1 | Japan | 1183121 | 399271 | 2963 | 5.4 |
| 2 | Korea, Republic of | 543051 | 161414 | 3364 | 2.5 |
| 3 | Russian Federation | 504179 | 205269 | 2456 | 2.3 |
| 4 | China | 346018 | 106459 | 3250 | 1.6 |
| 5 | Saudi Arabia | 228954 | 41011 | 5583 | 1 |
| 6 | Malaysia | 216047 | 95650 | 2259 | 1 |
| 7 | Türkiye | 173996 | 67660 | 2572 | 0.8 |
| 8 | Taipei, Chinese | 139741 | 34515 | 4049 | 0.6 |
| 9 | India | 117100 | 80434 | 1456 | 0.5 |
| 10 | Thailand | 112795 | 63528 | 1776 | 0.5 |

Source : ITC Trade Map

၅။ ၂၀၂၁ ခုနှစ်တွင် ကော်ဖီကို အာရှနိုင်ငံများအနက် အများဆုံးတင်သွင်းလျက်ရှိသော နိုင်ငံများမှာ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ မလေးရှား၊ တူရကီ၊ တိုင်ပေ(တရုတ်)၊ အိန္ဒိယ၊ ထိုင်းတို့ဖြစ်ကြသည်။ ဂျပန်သည် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၁၈၃ ဒသမ ၁၂၁ သန်းဖိုးနှင့် အရေအတွက် ၃၉၉၂၇၁ တန်ဖြင့်အများဆုံးဝယ်ယူခဲ့ပြီး ကိုရီးယားက ကန်ဒေါ်လာ ၅၄၃ ဒသမ ၀၅၁ သန်းဖိုးနှင့် အရေအတွက် ၁၆၁၄၁၄ တန်ဖြင့် ဒုတိယအများဆုံး၊ ရုရှားက ကန်ဒေါ်လာ ၅၀၄ ဒသမ ၁၇၉ သန်းဖိုးနှင့် အရေအတွက် ၂၀၅၂၆၉ တန်ဖြင့် တတိယ အများဆုံး ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။ ထို့နောက် တရုတ်၊ ဆော်ဒီအာရေဗျ၊ မလေးရှား၊ တူရကီ၊ တိုင်ပေ(တရုတ်)၊ အိန္ဒိယ၊ ထိုင်းတို့က အစဉ်လိုက်ရှိကြသည်။

## အာရှတွင် ကော်ဖီတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 6. Top 10 Asia exporters in 2021**

| No | Exporter Countries | Value Exported in 2021(US$,000) | Quantity Exported in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Viet Nam | 2260613 | 1222665 | 1849 | 10.4 |
| 2 | Indonesia | 842521 | 380175 | 2216 | 3.9 |
| 3 | India | 622910 | 263046 | 2368 | 2.9 |
| 4 | China | 88797 | 24927 | 3562 | 0.4 |
| 5 | United Arab Emirates | 23702 | 8819 | 2688 | 0.1 |
| 6 | Singapore | 22821 | 3834 | 5952 | 0.1 |
| 7 | Yemen | 10596 | 1085 | 9766 | 0 |
| 8 | Türkiye | 10287 | 3792 | 2713 | 0 |
| 9 | Malaysia | 8015 | 2487 | 3223 | 0 |
| 10 | Taipei, Chinese | 6502 | 888 | 7322 | 0 |

Source : ITC Trade Map

၆။ ၂၀၂၁ ခုနှစ်တွင် ကော်ဖီကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများမှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ ယူအေအီး၊ စင်ကာပူ၊ ယီမင်၊ တူရကီ၊ မလေးရှား၊ တိုင်ပေ(တရုတ်)တို့ဖြစ်ကြသည်။ ဗီယက်နမ်က ကန်ဒေါ်လာ ၂၂၆၀ ဒသမ ၆၁၃ သန်းဖိုးနှင့် အရေအတွက် ၁၂၂၂၆၆၅ တန်ဖြင့် အများဆုံးရောင်းချခဲ့ပြီး အင်ဒိုနီးရှားက ကန်ဒေါ်လာ ၈၄၂ ဒသမ ၅၂၁ သန်းဖိုးနှင့် အရေအတွက် ၃၈၀၁၇၅ တန်ဖြင့် ဒုတိယအများဆုံး၊ အိန္ဒိယက ကန်ဒေါ်လာ ၆၂၂ ဒသမ ၉၁၀ သန်းဖိုးနှင့် အရေအတွက် ၂၆၃၀၄၆ တန်ဖြင့် တတိယအများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း တွေ့ရသည်။ ထို့နောက် တရုတ်၊ ယူအေအီး၊ စင်ကာပူ၊ ယီမင်၊ တူရကီ၊ မလေးရှား၊ တိုင်ပေ(တရုတ်)တို့က အစဉ်လိုက်ရပ်တည်လျက် ရှိကြသည်။ တရုတ်၊ မလေးရှား၊ တူရကီ၊ တိုင်ပေ(တရုတ်)၊ အိန္ဒိယတို့သည် ကော်ဖီတင်သွင်းသည့် နိုင်ငံများဖြစ်သော်လည်း ပြန်လည်တင်ပို့သည့် နိုင်ငံများလည်းဖြစ်ကြောင်း တွေ့ရပါသည်။

# ကမ္ဘာ့ကော်ဖီ တင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 7. Top 10 World exporters in 2021**

| No | Exporter Countries | Value Exported in 2021(US$,000) | Quantity Exporte in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Brazil | 5804673 | 2282771 | 2543 | 26.8 |
| 2 | Colombia | 3091838 | 685073 | 4513 | 14.3 |
| 3 | Viet Nam | 2260613 | 1222665 | 1849 | 10.4 |
| 4 | Honduras | 1287766 | 387661 | 3322 | 5.9 |
| 5 | Ethiopia | 1185526 | 303551 | 3906 | 5.5 |
| 6 | Guatemala | 926103 | 225500 | 4107 | 4.3 |
| 7 | Indonesia | 842521 | 380175 | 2216 | 3.9 |
| 8 | Belgium | 784580 | 261589 | 2999 | 3.6 |
| 9 | Peru | 756687 | 191600 | 3949 | 3.5 |
| 10 | Germany | 651527 | 208007 | 3132 | 3 |
| 11 | Myanmar | 2084 | 537 | 3881 | 0 |

Source : ITC Trade Map



List of exporting countries for the selected product in 2021
Product : 090111 Coffee (excluding roasted and decaffeinated)




၇။ ၂၀၂၁ ခုနှစ်တွင် ကော်ဖီ (HS.Code–090111) အားအများဆုံး တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဘရာဇီး၊ ကိုလံဘီယာ၊ ဗီယက်နမ်၊ ဟွန်ဒူးရပ်စ်၊ အီသီယိုးပီးယား၊ ဂွါတီမာလာ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ ပီရူး၊ ဂျာမနီတို့ဖြစ်ကြသည်။ ဘရာဇီးက ကန်ဒေါ်လာ ၅၈၀၄ ဒသမ ၆၇၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဒုတိယနေရာရှိ ကိုလံဘီယာက ကန်ဒေါ်လာ ၃၀၉၁ ဒသမ ၈၃၈ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၄ ဒသမ ၃ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဗီယက်နမ်က ကန်ဒေါ်လာ ၂၂၆၀ ဒသမ ၆၁၃ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၀ ဒသမ ၄ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ဟွန်ဒူးရပ်စ်၊ အီသီယိုးပီးယား၊ ဂွါတီမာလာ၊ အင်ဒိုနီးရှား၊ ဘယ်လ်ဂျီယံ၊ ပီရူး၊ ဂျာမနီတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ကိုလံဘီယာက ပထမ၊ ဂွါတီမာလာက ဒုတိယ၊ ပီရူးက တတိယ၊ အီသီယိုးပီးယားက စတုတ္ထနှင့် ဟွန်ဒူးရပ်စ်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ကော်ဖီ တင်ပို့သောနိုင်ငံ (၁၅၇) နိုင်ငံရှိပြီး မြန်မာက အဆင့် (၆၉) နေရာတွင် ရှိသည်။

**EU နိုင်ငံများမှ ကော်ဖီ တင်သွင်းမှု**

၈။ ၂၀၂၁ ခုနှစ်တွင် ကော်ဖီအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ စပိန်တို့ဖြစ်ကြပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် (၅) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် (၂) နှစ်တာ ကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**Fig 8. Top Five EU Importers with the Biggest Growth in value Between 2017 and 2021**

| No | Importers | Annual growth in value between 2017–2021 (%) | Annual growth in value between 2020–2021 (%) |
|---|---|---|---|
| 1 | Germany | 1 | 18 |
| 2 | Italy | -3 | 17 |
| 3 | Belgium | 5 | 32 |
| 4 | France | 3 | 7 |
| 5 | Spain | -3 | 2 |

source : ITC Trade Map

၉။ ကော်ဖီ အများဆုံးတင်သွင်းသော EU ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစု အခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 9. Top Five Dried, shelled Coffee (excluding roasted and decaffeinated) Importers of Eu in 2021**

| N0 | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2021 (USD thousand) | Quantity imported in 2021 | Unit value (USD/unit) | Share in world imports (%) |
| | European Union (EU 28) Aggregation | 9461968 | 3348222 | | 43.4 |
| 1 | Germany | 3238322 | 1109980 | 2917 | 14.8 |
| 2 | Italy | 1448974 | 617212 | 2348 | 6.6 |
| 3 | Belgium | 1007478 | 341366 | 2951 | 4.6 |
| 4 | France | 666122 | 224195 | 2971 | 3.1 |
| 5 | Spain | 589664 | 276369 | 2134 | 2.7 |

source : ITC Trade Map

၁၀။ ၂၀၂၁ ခုနှစ်တွင် EU နိုင်ငံများအနေဖြင့် ကော်ဖီတင်သွင်းမှုပမာဏသည် (၃၃၄၈၂၂၂) တန် ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၉၄၆၁ ဒသမ ၉၆၈ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ဈေးကွက်ဝေစု ၄၃ ဒသမ ၄ ရာခိုင်နှုန်း ရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

### Tariff Rate of Dried, shelled Coffee (excluding roasted and decaffeinated)

| Partenr | Tariff regime | Applied tariff (as reported) |
|---|---|---|
| U S A | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0 |
| Belgium | MFN duties (Applied) | 0 |
| China | MFN duties (Applied) | 0.08 |
| | Preferential tariff for 2 Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0.05 |
| India | MFN duties (Applied) | 1 |
| | Preferential tariff for ASEAN countries | 0.45 |
| Germany | MFN duties (Applied) | 0 |
| Viet Nam | MFN duties (Applied) | 0.15 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| U A E | MFN duties (Applied) | 0 |
| Singapore | MFN duties (Applied) | 0 |
| Yemen | MFN duties (Applied) | 0.25 |
| Turkiye | MFN duties (Applied) | 0.08 |
| | Preferential tariff for Least Developed Countries | 0.06 |
| Taipei chinese | MFN duties (Applied) | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Italy | MFN duties (Applied) | 0 |
| Saudi Arabia | MFN duties (Applied) | 0 |
| Thailand | MFN duties (Applied) | 0.9 |
| | Preferential tariff for ASEAN countries | 0.05 |
| Russian Federation | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Spain | MFN duties (Applied) | 0 |

Source: Market Access Map

၁၁။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အမေရိကန်၊ ဂျပန်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ယူအေအီး၊ စင်ကာပူ၊ အီတလီ၊ ဆော်ဒီအာရေဗျ၊ ပြင်သစ်၊ စပိန်၊ ရုရှားတို့သည် MFN duties သုည ရာခိုင်နှုန်း၊ တရုတ်က MFN duties သုညဒသမ ၀၈ ရာခိုင်နှုန်း၊ LDC Countries သုညရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၀၅ ရာခိုင်နှုန်း၊ အိန္ဒိယက MFN duties ၁ ရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၄၅ ရာခိုင်နှုန်း၊ ဗီယက်နမ်က MFN duties သုညဒသမ ၁၅ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries သုညရာခိုင်နှုန်း၊ ယီမင်က MFN duties သုညဒသမ ၂၅ ရာခိုင်နှုန်း၊ တူရကီက MFN duties သုညဒသမ ၀၈ ရာခိုင်နှုန်း၊ LDC Countries သုညဒသမ ၀၆ ရာခိုင်နှုန်း၊ တိုင်ပေ(တရုတ်)က MFN duties သုညရာခိုင်နှုန်း၊ LDC Countries သုည ရာခိုင်နှုန်း၊ ထိုင်းက MFN duties သုညဒသမ ၉ ရာခိုင်နှုန်း၊ ASEAN Countries သုညဒသမ ၀၅ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိ ရသည်။

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

**Fig 10 : Top 10 world exporters to China in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Guatemala | 72645 | 21 | 16426 | 4423 |
| Ethiopia | 60747 | 17.6 | 13154 | 4618 |
| Brazil | 54662 | 15.8 | 19496 | 2804 |
| Viet Nam | 54247 | 15.7 | 32358 | 1676 |
| Colombia | 50689 | 14.6 | 10889 | 4655 |
| Indonesia | 14357 | 4.1 | 4877 | 2944 |
| Uganda | 7777 | 2.2 | 3911 | 1988 |
| Panama | 4840 | 1.4 | 121 | 40000 |
| Costa Rica | 4162 | 1.2 | 537 | 7750 |
| Honduras | 3571 | 1 | 878 | 4067 |
| Myanmar | 37 | 0 | 6 | 6167 |

Source : ITC Trade Map

၁၂။ တရုတ်နိုင်ငံ၏ဈေးကွက်သို့ ဂွါတီမာလာမှ အများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည် အဆင့်(၂၉)တွင်ပါဝင်သော်လည်း တရုတ်နိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၂ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ထပ်မံတိုးချဲ့တင်ပို့သင့်ပါသည်။

**ဘယ်လ်ဂျီယံ ဈေးကွက်**

**Fig 11 : Top 10 world exporters to Belgium in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 344338 | 34.2 | 127967 | 2691 |
| Honduras | 115205 | 11.4 | 33443 | 3445 |
| Viet Nam | 89400 | 8.9 | 46236 | 1934 |
| Colombia | 84291 | 8.4 | 19837 | 4249 |
| Peru | 55819 | 5.5 | 13389 | 4169 |
| India | 35713 | 3.5 | 13648 | 2617 |
| Ethiopia | 35431 | 3.5 | 8380 | 4228 |
| Nicaragua | 29165 | 2.9 | 8019 | 3637 |
| Uganda | 29082 | 2.9 | 14314 | 2032 |
| Guatemala | 26704 | 2.7 | 6328 | 4220 |
| Myanmar | 540 | 0.1 | 122 | 4426 |

Source : ITC Trade Map

**၁၃။** ဘယ်လ်ဂျီယံနိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၃၄ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည် အဆင့်(၃၅) တွင်ရှိသော်လည်း ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကိုပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

**ဂျာမနီ ဈေးကွက်**

**Fig 12 : Top 10 world exporters to Germany in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 1247136 | 38.5 | 442766 | 2817 |
| Viet Nam | 386694 | 11.9 | 206823 | 1870 |
| Honduras | 326040 | 10.1 | 90626 | 3598 |
| Colombia | 239573 | 7.4 | 54298 | 4412 |
| Ethiopia | 182551 | 5.6 | 47447 | 3847 |
| Peru | 163247 | 5 | 37924 | 4305 |
| Uganda | 110572 | 3.4 | 55311 | 1999 |
| India | 84065 | 2.6 | 32438 | 2592 |
| Guatemala | 49532 | 1.5 | 11208 | 4419 |
| Nicaragua | 49195 | 1.5 | 12570 | 3914 |
| Myanmar | 34 | 0 | 7 | 4857 |

Source : ITC Trade Map

၁၄။ ဂျာမနီနိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၃၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့်(၅၃)တွင် ရှိသော်လည်း ဂျာမနီနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်း မြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ဂျပန် ဈေးကွက်

**Fig 13: Top 10 world exporter to Japan in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 402266 | 34 | 145426 | 2766 |
| Colombia | 201316 | 17 | 46735 | 4308 |
| Viet Nam | 175026 | 14.8 | 99848 | 1753 |
| Guatemala | 89957 | 7.6 | 19856 | 4530 |
| Ethiopia | 69911 | 5.9 | 19477 | 3589 |
| Indonesia | 62603 | 5.3 | 24827 | 2522 |
| Tanzania, United Republic of | 45983 | 3.9 | 13524 | 3400 |
| Honduras | 35146 | 3 | 10081 | 3486 |
| Lao People's Democratic Republic | 12551 | 1.1 | 3693 | 3399 |
| Kenya | 10472 | 0.9 | 1402 | 7469 |
| Myanmar | 545 | 0 | 95 | 5737 |

Source : ITC Trade Map

၁၅။ ဂျပန်နိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၃၄ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့် (၃၁)တွင်ရှိသော်လည်း ဂျပန်နိုင်ငံသည်အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

**ဆော်ဒီအာရေဗျ ဈေးကွက်**

**Fig 14: Top 10 world exporter to Saudi Arabia in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Ethiopia | 152851 | 66.8 | 29687 | 5149 |
| Brazil | 19216 | 8.4 | 3750 | 5124 |
| India | 16447 | 7.2 | 3466 | 4745 |
| Colombia | 13770 | 6 | 1605 | 8579 |
| El Salvador | 4025 | 1.8 | 295 | 13644 |
| Costa Rica | 3483 | 1.5 | 150 | 23220 |
| Guatemala | 2669 | 1.2 | 234 | 11406 |
| Indonesia | 1984 | 0.9 | 217 | 9143 |
| United States of America | 1949 | 0.9 | 157 | 12414 |
| Uganda | 1649 | 0.7 | 265 | 6223 |
| Myanmar | 97 | 0 | 0 | |

Source : ITC Trade Map

၁၆။ ဆော်ဒီအာရေဗျနိုင်ငံ၏ဈေးကွက်သို့ အီသီယိုးပီးယားနိုင်ငံသည် ဈေးကွက်ဝေစု ၆၆ ဒသမ ၈ ရာခိုင်နှုန်း အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၂၇)တွင် ရှိသော်လည်း ဆော်ဒီအာရေဗျနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ထပ်မံတိုးချဲ့တင်ပို့သင့်ပါသည်။

**တိုင်ပေ(တရုတ်) ဈေးကွက်**

**Fig 15: Top 10 world exporter to Taipei, Chinese in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Ethiopia | 24459 | 17.5 | 4450 | 5496 |
| Brazil | 24271 | 17.4 | 8670 | 2799 |
| Colombia | 23199 | 16.6 | 5160 | 4496 |
| Guatemala | 15684 | 11.2 | 3628 | 4323 |
| Indonesia | 14145 | 10.1 | 4424 | 3197 |
| Nicaragua | 9549 | 6.8 | 2470 | 3866 |
| Costa Rica | 5018 | 3.6 | 673 | 7456 |
| Panama | 4433 | 3.2 | 188 | 23580 |
| Honduras | 3010 | 2.2 | 778 | 3869 |
| El Salvador | 2416 | 1.7 | 634 | 3811 |
| Myanmar | 63 | 0 | 23 | 2739 |

Source : ITC Trade Map

၁၇။ တိုင်ပေ(တရုတ်)နိုင်ငံ၏ဈေးကွက်သို့ အီသီယိုးပီးယားနိုင်ငံသည် ဈေးကွက်ဝေစု ၁၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့် (၃၂)တွင်ရှိသော်လည်း တိုင်ပေ(တရုတ်)နိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

**ယူအေအီး ဈေးကွက်**

**Fig 16: Top 10 world exporter to United Arab Emirates in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 17949 | 25.7 | 6965 | 2577 |
| India | 12885 | 18.5 | 4705 | 2739 |
| Ethiopia | 11501 | 16.5 | 2169 | 5302 |
| Indonesia | 8284 | 11.9 | 3699 | 2240 |
| Nicaragua | 5685 | 8.1 | 1549 | 3670 |
| Colombia | 5613 | 8 | 990 | 5670 |
| United Kingdom | 1420 | 2 | 188 | 7553 |
| Kenya | 1073 | 1.5 | 278 | 3860 |
| Guatemala | 862 | 1.2 | 178 | 4843 |
| Tanzania, United Republic of | 797 | 1.1 | 230 | 3465 |
| Myanmar | 38 | 0.1 | 44 | 864 |

Source : ITC Trade Map

၁၈။ ယူအေအီးနိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၂၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့်အများဆုံးရရှိထားပါသည်။ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာသည်အဆင့် (၂၈) တွင်ရှိသော်လည်း ယူအေအီးနိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ထိုင်း ဈေးကွက်

Fig 17:  Top 10 world exporter to Thailand in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Viet Nam | 86256 | 76.5 | 48723 | 1770 |
| Lao People's Democratic Republic | 17371 | 15.4 | 9784 | 1775 |
| Indonesia | 8077 | 7.2 | 4721 | 1711 |
| Brazil | 633 | 0.6 | 205 | 3088 |
| Colombia | 134 | 0.1 | 30 | 4467 |
| Guatemala | 84 | 0.1 | 21 | 4000 |
| Kenya | 53 | 0 | 11 | 4818 |
| Nicaragua | 37 | 0 | 1 | 37000 |
| Costa Rica | 27 | 0 | 4 | 6750 |
| Panama | 27 | 0 | 2 | 13500 |

Source : ITC Trade Map

၁၉။ ထိုင်းနိုင်ငံ၏ဈေးကွက်သို့ ဗီယက်နမ်နိုင်ငံသည် ဈေးကွက်ဝေစု ၇၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ ထိုင်းနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါသေးသဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## အိန္ဒိယ ဈေးကွက်

Fig 18:  Top 10 world exporter to India in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Kenya | 33613 | 28.7 | 24306 | 1383 |
| Indonesia | 30390 | 26 | 19971 | 1522 |
| Viet Nam | 22559 | 19.3 | 13593 | 1660 |
| Uganda | 16571 | 14.2 | 12224 | 1356 |
| Brazil | 3762 | 3.2 | 2705 | 1391 |
| Côte d'Ivoire | 2034 | 1.7 | 1423 | 1429 |
| Tanzania, United Republic of | 1559 | 1.3 | 1265 | 1232 |
| Belgium | 1127 | 1 | 1592 | 708 |
| Honduras | 1117 | 1 | 793 | 1409 |
| Cameroon | 1013 | 0.9 | 726 | 1395 |

Source : ITC Trade Map

၂၀။ အိန္ဒိယနိုင်ငံ၏စျေးကွက်သို့ ကင်ညာနိုင်ငံသည် စျေးကွက်ဝေစု ၂၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ အိန္ဒိယနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါသေးသဖြင့် စျေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## တူရကီ စျေးကွက်

**Fig 19: Top 10 world exporter to Turkiye in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 140545 | 80.8 | 57707 | 2435 |
| Colombia | 9296 | 5.3 | 2097 | 4433 |
| India | 6895 | 4 | 2951 | 2336 |
| Guatemala | 4833 | 2.8 | 1025 | 4715 |
| Ethiopia | 3234 | 1.9 | 750 | 4312 |
| Uganda | 1935 | 1.1 | 941 | 2056 |
| Tanzania, United Republic of | 1402 | 0.8 | 547 | 2563 |
| Honduras | 1187 | 0.7 | 287 | 4136 |
| Viet Nam | 954 | 0.5 | 459 | 2078 |
| Nicaragua | 726 | 0.4 | 153 | 4745 |

Source : ITC Trade Map

၂၁။ တူရကီနိုင်ငံ၏စျေးကွက်သို့ ဘရာဇီးနိုင်ငံသည် စျေးကွက်ဝေစု ၈၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ တူရကီနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါသေးသဖြင့် စျေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

### အီတလီ ဈေးကွက်

Fig 20: Top 10 world exporter to Italy in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 474774 | 32.8 | 184914 | 2568 |
| Viet Nam | 232121 | 16 | 129572 | 1791 |
| Uganda | 177957 | 12.3 | 101408 | 1755 |
| India | 121526 | 8.4 | 55900 | 2174 |
| Colombia | 59551 | 4.1 | 15042 | 3959 |
| Honduras | 57091 | 3.9 | 17210 | 3317 |
| Indonesia | 40552 | 2.8 | 22078 | 1837 |
| Ethiopia | 37486 | 2.6 | 8763 | 4278 |
| Guatemala | 33668 | 2.3 | 8456 | 3982 |
| Germany | 28971 | 2 | 8081 | 3585 |

Source : ITC Trade Map

၂၂။ အီတလီနိုင်ငံ၏ဈေးကွက်သို့ ဘရာဇီးနိုင်ငံသည် ဈေးကွက်ဝေစု ၃၂ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိထားပါသည်။ အီတလီနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ EU Top 5 စာရင်းဝင်းခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

### စင်ကာပူ ဈေးကွက်

Fig 21: Top 10 world exporter to Singapore in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 9688 | 41.4 | 5278 | 1836 |
| Brazil | 3258 | 13.9 | 951 | 3426 |
| Colombia | 2774 | 11.9 | 581 | 4775 |
| Ethiopia | 1366 | 5.8 | 237 | 5764 |
| Malaysia | 1332 | 5.7 | 528 | 2523 |
| Guatemala | 880 | 3.8 | 145 | 6069 |
| Viet Nam | 614 | 2.6 | 297 | 2067 |
| Japan | 378 | 1.6 | 187 | 2021 |
| Australia | 348 | 1.5 | 52 | 6692 |
| Papua New Guinea | 345 | 1.5 | 74 | 4662 |

Source : ITC Trade Map

၂၃။ စင်ကာပူနိုင်ငံသည် အာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် စျေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

**ဗီယက်နမ် စျေးကွက်**

**Fig 22: Top 10 world exporter to Viet Nam in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Lao People's Democratic Republic | 44412 | 65.9 | 21428 | 2073 |
| Indonesia | 10107 | 15 | 6714 | 1505 |
| Brazil | 7153 | 10.6 | 3050 | 2345 |
| China | 1313 | 1.9 | 394 | 3332 |
| Colombia | 1170 | 1.7 | 226 | 5177 |
| Honduras | 613 | 0.9 | 181 | 3387 |
| India | 570 | 0.8 | 215 | 2651 |
| Singapore | 559 | 0.8 | 124 | 4508 |
| Germany | 270 | 0.4 | 82 | 3293 |
| Korea, Republic of | 254 | 0.4 | 105 | 2419 |

Source : ITC Trade Map

၂၄။ ဗီယက်နမ်နိုင်ငံသည် အာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် စျေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

**ယီမင် စျေးကွက်**

**Fig 23: Top 2 world exporter to Yemen in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Ethiopia | 1696 | 88.7 | 589 | 2879 |
| Saudi Arabia | 217 | 11.3 | 23 | 9435 |

Source : ITC Trade Map

၂၅။ ယီမင်နိုင်ငံသည် အာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် စျေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## အမေရိကန် ဈေးကွက်

**Fig 24: Top 10 world exporter to United States of America in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Colombia | 1270415 | 25.7 | 277168 | 4584 |
| Brazil | 1201925 | 24.3 | 446979 | 2689 |
| Guatemala | 409791 | 8.3 | 87634 | 4676 |
| Honduras | 357226 | 7.2 | 94528 | 3779 |
| Nicaragua | 258386 | 5.2 | 65031 | 3973 |
| Viet Nam | 254385 | 5.1 | 135147 | 1882 |
| Indonesia | 205699 | 4.2 | 50803 | 4049 |
| Mexico | 192727 | 3.9 | 48736 | 3955 |
| Peru | 171825 | 3.5 | 37452 | 4588 |
| Ethiopia | 165402 | 3.3 | 29123 | 5679 |
| Myanmar | 82 | 0 | 10 | 8200 |

Source : ITC Trade Map

၂၆။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာသည်အဆင့်(၅၅)တွင် ပါဝင်သဖြင့် မူလဈေးကွက်ကို ပိုမိုတိုးချဲ့တင်ပို့သင့်ပါသည်။

## ရုရှား ဈေးကွက်

**Fig 25: Top 10 world exporter to Russian Federation in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Brazil | 184575 | 36.6 | 71461 | 2583 |
| Viet Nam | 161855 | 32.1 | 82492 | 1962 |
| Indonesia | 26532 | 5.3 | 13474 | 1969 |
| Colombia | 25543 | 5.1 | 5801 | 4403 |
| Ethiopia | 20729 | 4.1 | 5519 | 3756 |
| Honduras | 18089 | 3.6 | 4909 | 3685 |
| Uganda | 14803 | 2.9 | 7169 | 2065 |
| China | 9954 | 2 | 2562 | 3885 |
| Peru | 6658 | 1.3 | 1695 | 3928 |
| India | 6534 | 1.3 | 2647 | 2468 |

Source : ITC Trade Map

၂၇။ ရုရှားနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၂၈။ ကမ္ဘာပေါ်တွင် ကော်ဖီအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်သည် ကမ္ဘာ့ကော်ဖီအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၂၂ ဒသမ ၇ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယနေရာရှိ ဂျာမနီက ဈေးကွက်ဝေစု ၁၄ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ အီတလီက ဈေးကွက်ဝေစု ၆ ဒသမ ၆ ရာခိုင်နှုန်း ရရှိထားသည်။

၂၉။ မြန်မာနိုင်ငံအနေဖြင့် ကော်ဖီတင်ပို့သောနိုင်ငံပေါင်း (၁၄) နိုင်ငံရှိပြီး အများဆုံးတင်ပို့လျက်ရှိသော ထိပ်တန်း(၁၀)နိုင်ငံမှာ ဘယ်လ်ဂျီယံ၊ ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ အင်္ဂလန်၊ တိုင်ပေ(တရုတ်)၊ ဩစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ယူအေအီးတို့ဖြစ်ကြောင်း ITC Trade Map Data အရ တွေ့ရှိရပါသည်။

၃၀။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကော်ဖီတင်ပို့မှု ပို့ကုန်အဆင့် (၆၉) တွင် တည်ရှိကာ ဆော်ဒီအာရေဗျသို့တင်ပို့မှုတွင် အဆင့်(၂၇)၊ ယူအေအီးသို့ တင်ပို့မှုတွင် အဆင့်(၂၈)၊ တရုတ်သို့ တင်ပို့မှုတွင် အဆင့်(၂၉)၊ ဂျပန်သို့ တင်ပို့မှုတွင် အဆင့် (၃၁)၊ တိုင်ပေ(တရုတ်)သို့ တင်ပို့မှုတွင် အဆင့်(၃၂) ပြင်သစ်သို့ တင်ပို့မှုတွင် အဆင့်(၃၄)၊ ဩစတြေးလျနှင့်ဘယ်လ်ဂျီယံသို့ တင်ပို့မှုတွင် အဆင့်(၃၅)၊ အင်္ဂလန်သို့ တင်ပို့မှုတွင် အဆင့်(၄၄)၊ အမေရိကန်သို့ တင်ပို့မှုတွင်အဆင့်( ၅၅) နေရာများတွင် စာရင်းဝင်လျက်ရှိပါသည်။

၃၁။ ထူးခြားချက်အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၆၅၈ သန်းကျော်ဖိုးနှင့် ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၇၈၄ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး Top 8 Exporter အနေဖြင့် တွေ့ရှိရပါသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ပြည်ပမှကန်ဒေါ်လာ ၁၀၀၇ သန်းကျော်ဖိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃၂။ ဂျာမနီနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၅၈၃ သန်းကျော်ဖိုးနှင့် ၂၀၂၁ ခုနှစ်တွင် ကန်ဒေါ်လာ ၆၅၁ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး Top 10 Exporter အနေဖြင့် တွေ့ရှိရသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၃၂၃၈ သန်းကျော်ဖိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံတို့သည် ပြည်တွင်းစားသုံးမှုအတွက် ပြည်ပမှတင်သွင်းပြီး Re-Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၃၃။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကော်ဖီတင်ပို့သောနိုင်ငံ (၁၈၄) နိုင်ငံရှိပြီး မြန်မာသည် အဆင့် (၆၉) တွင် တည်ရှိနေပါသည်။ ၂၀၂၁ ခုနှစ်တစ်ခုတည်းကြည့်ရာတွင် (၁၅၇) နိုင်ငံသာရှိပြီး (၂၇) နိုင်ငံလျော့ကျနေကြောင်း တွေ့ရှိရပါသည်။ မြန်မာသည်အဆင့်(၆၉)နေရာတွင် တည်ရှိပါသည်။

၃၄။ တရုတ်၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ဂျပန်၊ ဆော်ဒီအာရေဗျ၊ တိုင်ပေ(တရုတ်)၊ ယူအေအီး၊ အမေရိကန်နိုင်ငံတို့သည် ကမ္ဘာ့ဝယ်လိုအား၊ အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းတို့ကြောင့် လက်ရှိဈေးကွက်ကို ပိုမိုတိုးချဲ့သင့်ပြီး ထိုင်း၊ အိန္ဒိယ၊ တူရကီ၊ အီတလီ၊ စင်ကာပူ၊ ဗီယက်နမ်၊ ယီမင်၊ ရုရှားနိုင်ငံတို့သည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့ထားခြင်းမရှိသေးကြောင်း တွေ့ရှိရသဖြင့် ၎င်းနိုင်ငံများသို့ ဈေးကွက်သစ်ထိုးဖောက်သင့်ဟု သုံးသပ်ရပါသည်။

## ကော်ဖီ(အစိမ်းစေ့)ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေလေ့လာခြင်း

**ဇယား-၂၆ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၂၀-၂၀၂၁)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) | အထွက် (တန်) |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၄၁၅ | ၄၁၅ | ၁၁၂.၀၀ | ၄၆၄၈၀ | ၇၅.၈၈၆ |
| ၂ | ကချင်ပြည်နယ် | ၁၃၉၉ | ၁၂၅၃ | ၁၃၉.၃၀ | ၁၇၄၅၄၂ | ၂၈၄.၉၆၇ |
| ၃ | ကယားပြည်နယ် | ၇၀၉ | ၅၃၂ | ၁၃၄.၉၅ | ၇၁၇၉၃ | ၁၁၇.၂၁၃ |
| ၄ | ကရင်ပြည်နယ် | ၁၀၀၂၉ | ၇၅၅၁ | ၁၇၂.၃၅ | ၁၃၀၁၃၈၂ | ၂၁၂၄.၇၀၅ |
| ၅ | ချင်းပြည်နယ် | ၁၀၁၆ | ၆၄၄ | ၁၂၂.၉၀ | ၇၉၁၄၇ | ၁၂၉.၂၁၉ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၇၈ | ၅၆၇ | ၁၉၈.၉၄ | ၁၁၂၇၉၉ | ၁၈၄.၁၆၂ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၇၆၃ | ၁၆၄ | ၁၉၆.၆၃ | ၃၂၂၄၈ | ၅၂.၆၄၉ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၁၁ | ၇၀ | ၁၅၄.၆၉ | ၁၀၈၂၈ | ၁၇.၆၇၈ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၄၁၅ | ၆၅၆ | ၄၄.၁၃ | ၂၈၉၄၇ | ၄၇.၂၆၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၈၆၆ | ၂၃၈၆ | ၁၄၁.၅၉ | ၃၃၇၈၄၄ | ၅၅၁.၅၈၂ |
| ၁၁ | မွန်ပြည်နယ် | - | - | - | - | - |
| ၁၂ | ရခိုင်ပြည်နယ် | - | - | - | - | - |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | - | - | - | - |
| ၁၄ | ရှမ်းပြည်နယ် | ၂၇၅၃၇ | ၁၇၄၁၄ | ၁၉၁.၀၅ | ၃၃၂၆၉၈၅ | ၅၄၃၁.၈၁၂ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၀၆၀၁ | ၇၂၉၆ | ၁၄၃.၁၈ | ၁၀၄၄၆၁၆ | ၁၇၀၅.၄၉၆ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၄၇၂၀ | ၉၅၇၇ | ၂၃၀.၉၅ | ၂၂၁၁၇၈၇ | ၃၆၁၁.၀၈၁ |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၂၁၆ | ၅၄၁ | ၁၃၀.၄၇ | ၇၀၅၈၂ | ၁၁၅.၂၃၆ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၀ | ၃၁၀ | ၆၂.၃၄ | ၁၉၃၂၅ | ၃၁.၅၅၁ |
| | **ပြည်ထောင်စုချုပ်** | **၅၀၂၄၈** | **၃၁၉၆၂** | **၁၇၃.၄၀** | **၅၅၄၂၃၂၀** | **၉၀၄၈.၆၈၆** |

**Source: စိုက်ပျိုးရေးဦးစီးဌာန**

**မှတ်ချက်။ ၁ တန်= ၆၁၂.၅၀ ပိဿာဖြင့် တွက်ချက်ထားပါသည်။**

## ပြည်တွင်းကော်ဖီ(အစိမ်းစေ့)ထွက်ရှိမှု (၂၀၂၀-၂၀၂၁)

၃၅။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံတွင်ကော်ဖီ (အစိမ်းစေ့) ထွက်ရှိခဲ့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး နှင့်ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်။ ကော်ဖီ(အစိမ်းစေ့) အများဆုံးထွက်ရှိရာ ပြည်နယ် နှင့်တိုင်းဒေသကြီးများမှာ ရှမ်းပြည်နယ်သည် စိုက်ဧက ၂၇၅၃၇၊ တစ်ဧက အထွက်နှုန်း ၁၉၁ ပိဿာကျော်ဖြင့် စုစုပေါင်း ၅၄၃၁ တန်ကျော်အများဆုံး ထွက်ရှိထားပါသည်။ ကရင်ပြည်နယ် သည် စိုက်ဧက ၁၀၀၂၉၊ တစ်ဧက အထွက်နှုန်း ၁၇၂ ပိဿာကျော်ဖြင့် စုစုပေါင်း ၂၁၂၄ တန်ကျော် ဖြင့် ဒုတိယအများဆုံး၊ မန္တလေးတိုင်းဒေသကြီးသည် စိုက်ဧက ၅၈၆၆၊ တစ်ဧက အထွက်နှုန်း ၁၄၁ ပိဿာကျော်ဖြင့် စုစုပေါင်း ၅၅၁ တန်ကျော်ဖြင့် တတိယအများဆုံး၊ ကချင်ပြည်နယ်သည် စိုက်ဧက ၁၃၉၉၊ တစ်ဧက အထွက်နှုန်း ၁၃၉ ပိဿာကျော်ဖြင့် စုစုပေါင်း ၂၈၄ တန်ကျော်ဖြင့် စတုတ္ထအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ဧက ၆၇၈၊ တစ်ဧက အထွက်နှုန်း ၁၉၈ ပိဿာကျော်ဖြင့် စုစုပေါင်း ၁၈၄ တန်ကျော်ဖြင့် ပဉ္စမအများဆုံးထွက်ရှိကြောင်း တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) တို့တွင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသသည် စိုက်ဧက ၁၄၇၂၀၊ တစ်ဧက အထွက်နှုန်း ၂၃၀ ပိဿာကျော်ဖြင့် စုစုပေါင်း တန်ချိန် ၁၇၀၅ တန်ကျော် အများဆုံး ထွက်ရှိပါ သည်။

၃၆။ ၂၀၂၀-၂၀၂၁ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ကော်ဖီ(အစိမ်းစေ့)ထွက်ရှိမှု နှိုင်းယှဉ်ချက်မှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်-

**ဇယား-၂၇**

| ခုနှစ် | စိုက်ဧရိယာ (ဧက) | ရိတ်ဧရိယာ (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက် (ပိဿာ) |
|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ | ၅၀၂၄၈ | ၃၁၉၆၂ | ၁၇၃.၄၀ | ၅၅၄၂၃၂၀ |
| ၂၀၁၉-၂၀၂၀ | ၄၉၇၀၉ | ၃၁၅၆၁ | ၁၇၂.၈၇ | ၅၄၅၅၈၆၀ |
| နှိုင်းယှဉ်ချက် | (+) ၅၃၉ | (+) ၄၀၁ | (+) ၀.၅၃ | (+) ၈၆၄၆၀ |

Source: စိုက်ပျိုးရေးဦးစီးဌာန

## စိုက်ဧရိယာ

၃၇။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ကော်ဖီ(အစိမ်းစေ့) စိုက်ဧရိယာမှာ (၅၀၂၄၈) ဧကဖြစ်၍ ယခင်နှစ်စိုက်ဧရိယာ (၄၉၇၀၉) ဧကနှင့် နှိုင်းယှဉ်သော် (၅၃၉) ဧကတိုးခဲ့ပါသည်။ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးပါသည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့တွင် တောင်သူများမှ စီးပွားရေးတွက်ခြေကိုက်သောသီးနှံဖြစ်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ဖြစ်ပါသည်။

## ရိတ်သိမ်းဧရိယာ

၃၈။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ကော်ဖီ(အစိမ်းစေ့) ရိတ်သိမ်းဧရိယာမှာ (၃၁၉၆၂)ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ (၃၁၅၆၁) ဧကနှင့်နှိုင်းယှဉ်သော် (၄၀၁) ဧကတိုးပါသည်။ သက်တမ်းပြည့်မီသည့် ကော်ဖီစိုက် ဧရိယာတိုးလာခြင်းကြောင့် ရိတ်သိမ်းဧရိယာတိုးခြင်း ဖြစ်ပါသည်။

## တစ်ဧကအထွက်နှုန်း

၃၉။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ကော်ဖီ(အစိမ်းစေ့) တစ်ဧကအထွက်နှုန်းမှာ (၁၇၃.၄၀) ပိဿာချိန်ဖြစ်၍ ယခင်နှစ် (၁၇၂.၈၇) ပိဿာနှုန်းနှင့် နှိုင်းယှဉ်သော် (၀.၅၃) ပိဿာတိုးပြီး များစွာကွာခြားမှုမရှိပါ။

## စုစုပေါင်း အထွက်နှုန်း

၄၀။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ကော်ဖီ(အစိမ်းစေ့) စုစုပေါင်းအထွက်မှာ (၅၅၄၂၃၂၀) ပိဿာဖြစ်၍ ယခင်နှစ်စုစုပေါင်းအထွက် (၅၄၅၅၈၆၀) ပိဿာနှင့် နှိုင်းယှဉ်သော် (၈၆၄၆၀) ပိဿာတိုးပါသည်။ စိုက်ဧရိယာ၊ ရိတ်သိမ်းဧရိယာနှင့် တစ်ဧကအထွက်နှုန်းတို့ တိုးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**ကော်ဖီ(အစိမ်းစေ့)ကုန်သွယ်မှုအခြေအနေ**

**ဇယား-၂၈ ၂၀၂၂ - ဇန်နဝါရီလမှ အောက်တိုဘာလထိ တန်ဖိုး- ကန်ဒေါ်လာသန်း**

| စဉ် | လအမည် | ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၁၆.၀၀၀ | ၀.၀၉၂ |
| ၂ | ဖေဖော်ဝါရီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၉၄.၉၀၀ | ၀.၁၃၅ |
| ၃ | မတ်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၈.၂၀၀ | ၀.၀၆၆ |
| ၄ | ဧပြီလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၆၁.၄၂၀ | ၀.၀၇၇ |
| ၅ | မေလ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၃၃.၃၈၀ | ၀.၆၂၂ |
| ၆ | ဇွန်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၁၃၆.၆၃၀ | ၀.၆၆၉ |
| ၇ | ဇူလိုင်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၇၀.၄၅၁ | ၀.၃၂၂ |
| ၈ | ဩဂုတ်လ | ကော်ဖီ(အစိမ်းစေ့) | မတန် | ၂၅၃.၈၆၇ | ၁.၀၅၆ |
| ၉ | စက်တင်ဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | **၁၃၆.၆၁၀** | **၀.၆၇၈** |
| ၁၀ | အောက်တိုဘာလ | ကော်ဖီ(အစိမ်းစေ့) | မတန် | **၃၉.၂၃၃** | **၀.၀၆၈** |
| | **စုစုပေါင်း** | ကော်ဖီ(အစိမ်းစေ့) | **မတန်** | **၁၀၇၀.၆၉၁** | **၃.၇၈၅** |

Source: ကုန်သွယ်ရေးဦးစီးဌာန

**မြန်မာနိုင်ငံမှ ပြည်ပသို့ကော်ဖီ(အစိမ်းစေ့)တင်ပို့မှု**

၄၁။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီ(အစိမ်းစေ့) တင်ပို့မှု စုစုပေါင်း ကန်ဒေါ်လာ ၃ ဒသမ ၇၈၅ သန်းဖိုးနှင့် အရေအတွက် ၁၀၇၀ တန်ကျော် တင်ပို့လျက်ရှိသည်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ပေးပို့သော Data အရ သိရသည်။

၄၂။ ဩဂုတ်လတွင် ကန်ဒေါ်လာ ၁ ဒသမ ၀၅၆ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၂၅၃ တန်ကျော်ဖြင့် ကော်ဖီ(အစိမ်းစေ့)အများဆုံး တင်ပို့ထားသည်ကို တွေ့ရှိရပါသည်။ စက်တင်ဘာလတွင် ကန်ဒေါ်လာ သုညဒသမ ၆၇၈ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၁၃၆ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ ဇွန်လတွင် ကန်ဒေါ်လာ သုညဒသမ ၆၆၉ သန်းဖိုးနှင့် အရေအတွက် တန်ချိန် ၁၃၆ တန်ကျော်ဖြင့် တတိယအများဆုံး တင်ပို့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## ကော်ဖီခြုံငုံသုံးသပ်ချက်

၄၃။ မြန်မာနိုင်ငံတွင် ကော်ဖီကို ၁၈၈၅ ခုနှစ်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရပါသည်။ ကော်ဖီကို ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများအပြားစိုက်ပျိုးလျက် ရှိပါသည်။

၄၄။ ကော်ဖီပင်သည် အမြဲစိမ်းအပင်မျိုးဖြစ်ပြီး သဘာဝအတိုင်းထားပါက ပေ ၂၀ ကျော်အထိ အမြင့်ရှိပြီး ကော်ဖီတစ်ပင်သည် အနှစ်၂၀ ကြာအောင် အသီးသီးပါသည်။ ကော်ဖီပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး နှစ်ရှည်ဝင်ငွေရရှိမည့် သီးနှံပင်ဖြစ်ပါသည်။ သုံးနှစ်သားမှစတင်၍ ဖူးပွင့်ပြီး အသီးသီးပါသည်။ ငါးနှစ်သားအထက်တွင် စတင်၍ အသီးအထွက်နှုန်းကောင်းမွန်ပြီး ဝင်ငွေ တိုးတက် ရရှိစေပါသည်။

၄၅။ ကော်ဖီပင်ကို မျိုးစေ့မှမျိုးပွားနည်း၊ ပင်ပိုင်းမျိုးပွားနည်းနှင့် Tissue Culture နည်းဖြင့် မျိုးပွားနည်းဟူ၍ မျိုးပွားနည်း (၃) မျိုးရှိကြောင်း လေ့လာသိရှိရပါသည်။ ကော်ဖီပင်များ စိုက်ပျိုးရာတွင် အရည်အသွေးကောင်းမွန်သော ကော်ဖီများရရှိရေးတို့အတွက် မျိုးကောင်း မျိုးသန့် မိခင်အပင်များကို ရွေးချယ်၍ မျိုးစေ့ထုတ်လုပ်ခြင်းကို ဒီဇင်ဘာလ၊ ဇန်နဝါရီလများတွင် ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်ဖီပင်များကို ပုံမှန်အားဖြင့် ဖေဖော်ဝါရီလတွင် ပျိုးထောင်ကြသည် ဟု သိရပါသည်။

၄၆။ မြန်မာနိုင်ငံတွင် မြေနိမ့်ကော်ဖီ (Robusta) နှင့် ကုန်မြင့်ကော်ဖီ (Arabica) ဟူ၍ စိုက်ပျိုးလျက်ရှိသည်။ ကုန်းမြင့်ကော်ဖီစိုက်ပျိုးရန် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်ဒေသများသည် ရေမြေရာသီဥတု သင့်တော်ပြီး မြေပြန့်ကော်ဖီနှင့် သင့်တော်သည့်ဒေသများလည်း ရှိကြောင်းသိရသည်။ ရှမ်းပြည်နယ် ရွာငံဒေသမှ အထူးတန်းဝင် ကော်ဖီ (Specially Coffee) ကို ထုတ်လုပ်ပြီး ဈေးကောင်းရရှိသဖြင့် ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလျက်ရှိနေကြောင်း သိရပါသည်။ သို့သော်လည်း တောင်သူများ အနေဖြင့် ကုန်ကြမ်းဈေးတက်ခြင်း၊ မြေသြဇာဈေးတက်ခြင်း၊ လောင်စာဆီဈေးတက်ခြင်းစသည့် အခက်အခဲများလည်းရှိကြောင်း သိရှိရပါသည်။

၄၇။ မြန်မာနိုင်ငံတွင် ယခုအခါ ကော်ဖီဈေးကွက်မှာ အရည်အသွေးကောင်းသော ကော်ဖီစေ့ လှော်ပြီးသား ၁ kg ကို ကျပ် ၃၀၀၀၀ ဈေးနှင့် မြေနိမ့်ကော်ဖီစေ့ ကုန်ကြမ်းဈေးသည် ၁ တန်ကို ကျပ်သိန်း ၇၀ မှ ကျပ်သိန်း ၈၀ ထိ ဈေးရှိပြီး ကုန်းမြင့်ကော်ဖီစေ့ ကုန်ကြမ်းဈေးသည် ၁ တန်ကို ကျပ်သိန်း ၁၂၀ မှ ကျပ်သိန်း ၁၅၀ ထိဈေးပေါက်လျက်ရှိကြောင်း သိရှိရပါသည်။

၄၈။ မြန်မာနိုင်ငံမှ ထွက်သောကော်ဖီကို ဘယ်လ်ဂျီယံ၊ ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ အင်္ဂလန်၊ တိုင်ပေ(တရုတ်)၊ သြစတြေးလျ၊ အမေရိကန်၊ ပြင်သစ်၊ ယူအေအီး၊ ကနေဒါ၊ လတ်ဗီးယား၊ ဂျာမနီ၊ ကိုရီးယားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တွေ့ရပါသည်။

၄၉။ ကော်ဖီသည် အနံ့အရသာနှင့်ပြည့်စုံပြီး ကော်ဖီတွင်ပါဝင်သော Caffeine သည် လူကို လန်းဆန်းတတ်ကြွစေခြင်း၊ အားအင်ပြည့်ဝစေခြင်း၊ အဆီများကို လောင်ကျွမ်းစေသည်။ နာကျင်ရောင်ရမ်းခြင်းကိုလည်း လျှော့ချပေးနိုင်ခြင်း၊ အတိတ်မေ့ရောဂါ ဖြစ်ပွားနှုန်းကိုလည်း လျှော့ချပေးခြင်း၊ ကင်ဆာဖြစ်ပွားနှုန်းကိုလည်း လျှော့ချပေးခြင်း၊ သတ္တုဓာတ်များကြွယ်ဝစွာ ပါဝင်သဖြင့် အဟာရများစွာ ရရှိပါသည်။

၅၀။ မြန်မာနိုင်ငံတွင် ယခုအခါ ကော်ဖီဈေးကွက်မှာ မြင့်မားလာနေပြီး ကုန်ကြမ်းအဖြစ်သာမက တန်ဖိုးမြှင့်ကော်ဖီထုတ်ကုန်များအဖြစ် ရောင်းချပေးနိုင်ပါက ဈေးကွက်ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

၅၁။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် မြန်မာကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးကလက်ခံကြိုက်နှစ်သက်ပြီး အားပေးရသည့်အထိ ထိုးဖောက်နိုင်အောင် စိုက်ပျိုးသူ တောင်သူကြီးများသည် အရည်အသွေးနှင့် အဆင့်အတန်းမီသော ကော်ဖီမျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကော်ဖီလုပ်ငန်းရှင်များက တန်ဖိုးမြှင့်ကော်ဖီများ ထုတ်လုပ်ခြင်းဖြင့် ကမ္ဘာ့ကော်ဖီဈေးကွက်ကို ထိုးဖောက်သွားနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

**ကော်ဖီဈေးကွက်အလားအလာလေ့လာခြုံငုံသုံးသပ်ချက်**

၅၂။ ပထမဦးစွာ ကော်ဖီနှင့်ပတ်သက်လျှင် မြန်မာ့ကော်ဖီအခြေအနေကို ဦးစွာတင်ပြလိုပါသည်။ မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် တစ်နိုင်တစ်ပိုင်အဆင့်သာ အများဆုံးရှိသည့် အခြေအနေဖြစ်ပါသည်။ ပြင်ဦးလွင်၊ ရှမ်းဒေသများတွင် အဓိကစိုက်ပျိုးသော မျိုးမှာ Coffee Arabica ဖြစ်ပြီး ကရင်ပြည်နယ် သံတောင်ကြီးဖက်မှထွက်သော ကော်ဖီမှာ Coffee Robusta ဖြစ်သည်ဟု သိရပါသည်။ ထို့ကြောင့် အရသာမတူညီသည်ကို တွေ့ရပါသည်။ လက်ရှိတွင် ပြည်ပသို့အများဆုံးတင်ပို့နေသော မြန်မာ့ကော်ဖီသည် ပြင်ဦးလွင်နှင့်ရှမ်းတစ်ဝိုက်မှ အာရေဗီးကားမျိုးများဖြစ်ကြသည်ဟု ဆိုပါသည်။ ကမ္ဘာပေါ်တွင် ဘရာဇီးကော်ဖီသည် ဦးဆောင်လျက်ရှိပြီး မြန်မာနိုင်ငံ၏ တင်ပို့မှုအဆင့်သည် ၆၉/၇၀ ဖြစ်သည်ဟု သိရပါသည်။ အချို့ပုဂ္ဂိုလ်များ၏ ပြောကြားချက်အရ မြန်မာ့ကော်ဖီသည် အရည်အသွေးအားဖြင့် များစွာကောင်းမွန်သည်ဟု သိရပါသည်။ လက်ရှိပြည်ပတင်ပို့မှုသည် ကော်ဖီအစိမ်းစေ့ Coffee beans အနေဖြင့်သာ တင်ပို့နိုင်ပြီး မြန်မာနိုင်ငံအမှတ်တံဆိပ်ဖြင့် ကော်ဖီမှုန့်ကို ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါသည်။ တင်ပို့ရန်လည်း လိုအပ်ချက်များစွာရှိနေမည်ဖြစ်ပါသည်။ အထွက်နှုန်းနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရန်လိုအပ်ပါသည်။ သို့ရာတွင် ကော်ဖီစိုက်ခင်းများထူထောင်ခြင်းသည် ပတ်ဝန်းကျင်သဘာဝသစ်တောများ ပြုန်းတီးစေသည်ဟူသော အယူအဆလည်းရှိပါသည်။ မြန်မာနိုင်ငံတွင် သံတောင်ကြီးဖက်မှ ကော်ဖီပင်စိုက်ပျိုးမှုအများစု၏ မြေပိုင်ဆိုင်မှုသည် သစ်တောမြေထဲတွင် ပါဝင်နေသည်ဟု သိရပါသည်။ ပြင်ဦးလွင်ဖက်တွင်မူ ကော်ဖီခြံများသည် မြို့ပြရပ်ကွက်နှင့် ကျေးရွာပိုင်မြေများအတွင်း ပါဝင်လာပြီး လူနေထိုင်မှုကျယ်ပြန့်လာသဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်မှုနည်းပါးသည်ဟု သိရပါသည်။ ကော်ဖီတိုးချဲ့စိုက်ပျိုးခြင်းနှင့် ကော်ဖီပိုမိုထုတ်လုပ်ခြင်းသည် လိုအပ်နေမည်ဖြစ်ပါသည်။ ပြည်တွင်းတွင်လည်း ကော်ဖီသောက်သုံးသည့်အလေ့အထ တိုးတက်နေသဖြင့် ပြည်တွင်းပြည်ပဈေးကွက်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ရမည်ဖြစ်ပါသည်။ တိုးတက်ထုတ်လုပ်နိုင်မည့်နည်းလမ်းနှင့် ပြည်ပသို့တင်ပို့ရာတွင် အရည်အသွေးကောင်းမွန်သော ကော်ဖီများတင်ပို့နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၅၃။ ကမ္ဘာပေါ်တွင် ဥရောပ၊ အမေရိကတွင် ကော်ဖီသောက်သုံးမှုပိုမိုများပြားသဖြင့် ထိုဒေသနိုင်ငံများသို့ ပိုမိုတင်ပို့သွားရန် လိုအပ်မည်ဖြစ်ပါသည်။ အာရှတွင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံ၊ ယူအေအီး၊ ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံသို့ တိုးတက်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅၄။ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် ကော်ဖီအသင်းအဖွဲ့တို့ ချိတ်ဆက်၍ စိုက်ပျိုးထုတ်လုပ်သည့်နည်းပညာကဏ္ဍ၊ ခူးဆွတ်သည့်နည်းပညာနှင့် အရည်အသွေးကောင်းမွန်စွာထုတ်လုပ်နိုင်သည့် နည်းပညာများကို ဖြန့်ဝေခြင်း၊ ပြည်ပတင်ပို့ရာတွင်

ကူညီဆောင်ရွက်မှုများကို tailor made ပုံစံဖြင့် တစ်ဦးချင်းထိတွေ့ကူညီခြင်း၊ ပြည်ပကော်ဖီပြပွဲများ၊ ကုန်စည်ပြပွဲများနှင့် ပြိုင်ပွဲများတွင်ပါဝင်နိုင်စေရန် ကူညီဆောင်ရွက်ပေးခြင်းနှင့် စီးပွားရေးသံမှူးများထံမှ ကော်ဖီနှင့်ပတ်သက်သည့် တင်သွင်းမှုဆိုင်ရာ Criteria များကို စုစည်းဖြန့်ဝေပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

Source: ဦးမျိုးသူ